KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဇန်နဝါရီလ ၉ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 25-277-I1

# ဒူးပလာယာခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ကရူတူးမြို့နယ်ရှိ ကလေး (၄) ဦး ထိမှန်ဒဏ်ရာရရှိမှု (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဒူးပလာယာခရိုင်တွင် ဖြစ်ပွားခဲ့သော လက်နက်ကြီးပစ်ခတ်မှုဖြစ်စဉ်အကြောင်းကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့၌ ကရူတူးမြို့တွင်အခြေစိုက်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၅) သည် ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်၊ မြောက်ကြာအင်းကျေးရွာအုပ်စု၊ အအ---ကျေးရွာတွင်းသို့ လက်နက်ကြီး (၁၂၀) မမတစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် တဲအိမ်တစ်လုံး၏အရှေ့တွင် ကျရောက်ပေါက်ကွဲသွား၍ ဆော့ကစားနေကြသည့် ကလေး (၄) ဦးအား ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ကလေး (၃) ဦးမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး ကျန်ကလေးတစ်ဦးမှာ ဦးခေါင်းတွင်ဒဏ်ရာပြင်းထန်စွာရရှိ၍ ၎င်းအား ဆေးကုသမှုရယူရန်အတွက် ဘုရားသုံးဆူဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုကလေးသည် အခမဲ့ဆေးကုသမှုကိုလက်ခံရရှိသည့်အပြင် သူဆေးရုံတက်နေစဉ်အတွင်း သူ၏မိသားစုလည်း အခြားရွာသားများထံမှ ကူညီထောက်ပံ့မှုတစ်ချို့ကိုလက်ခံရရှိခဲ့သည်။ ၎င်းမိသားစုသည် စစ်ဘေးရှောင်သူများဖြစ်ပြီး စားဝတ်နေရေးအတွက် နေ့စားအလုပ်လုပ်ကြသည်။ တိုက်ပွဲများကြောင့် ကရူတူးမြို့အနီးတွင် နေထိုင်ကြသော ရွာသားများ (၃၀) ခန့်သည် ကျေးရွာအတွင်းသို့ ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။ အဆိုပါစစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့စားဝတ်နေရေးအတွက် နေ့စားလုပ်အားခယူ၍ အဓိကအားဖြင့် လယ်ယာအလုပ်နှင့်ရော်ဘာခြစ်သည့်အလုပ်ကို လုပ်ကိုင်ကြသည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရတည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာကို မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၃) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #25-277-I1၊ #25-277-A1-I1 နှင့် #25-277-A2-I1 တို့ဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (လက်နက်ကြီးပစ်ခတ်မှု) SAC (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) သည် ကျေးရွာတွင်းသို့ လက်နက်ကြီးပစ်ခတ်၍ ကလေး (၄) ဦးထိမှန်ဒဏ်ရာရရှိမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ မြောက်ကြာအင်းကျေးရွာအုပ်စု၊ အအ--- ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | ဘ--- | မအ--- | မဆ--- | မောင်ဒ--- |
| **အသက်** | ၂ နှစ် | ၄ နှစ် | ၁၀ နှစ် | ၁၀ လ |
| **ကျား/မ** | ကျား | မ | မ | ကျား |
| **လူမျိုး** | ပအိုဝ်းလူမျိုး | ပအိုဝ်းလူမျိုး | ပအိုဝ်းလူမျိုး | ပအိုဝ်းလူမျိုး |
| **အိမ်ထောင် ရှိ/မရှိ** | - | - | - | - |
| **အလုပ်အကိုင်** | - | - | - | - |
| **ကိုးကွယ်သည့်ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား | ရွာသား | ရွာသား |
| **နေရပ်ရွာအမည်** | ကရူတူးမြို့နယ်၊ ကရူတူးမြို့အနီး လယ်ယာမြေကွက် | ကရူတူးမြို့နယ်၊ ကရူတူးမြို့အနီး လယ်ယာမြေကွက် | ကရူတူးမြို့နယ်၊ ကရူတူးမြို့အနီး လယ်ယာမြေကွက် | ကရူတူးမြို့နယ်၊ ကရူတူးမြို့အနီး လယ်ယာမြေကွက် |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိအမည်** |
| - | - | (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၅) | ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ကရူတူးမြို့ | - |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကရူတူးမြို့နယ်ရှိ ကရင်အမျိုးအသားအစည်းအရုံး (KNU) သတင်းမှတ်တမ်းပြုစုသည့်အဖွဲ့မှ အရာရှိတစ်ဦးက ဤသတင်းဖြစ်စဉ်ကို ပြောပြခဲ့သည်။ (ထို့နောက် KHRG သတင်းစုဆောင်းသူသည် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက် |

| |
|---|
| ၍ ဒဏ်ရာရရှိသည့်ကလေးများ၏အဖွားနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား အင်တာဗျူးခဲ့ပါသည်။) |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| ဒဏ်ရာရရှိသည့်ကလေး (၄)ဦး၏အဖွားဖြစ်သူ ဒေါ်ဃ---နှင့် အခင်းဖြစ်စဉ်ကိုမြင်တွေ့ခဲ့သည့်ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးဖ--- တို့သည် ဤသတင်းအကြောင်းအရာများကို မျှဝေပြောပြခဲ့သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၅ ခုနှစ်၊ ဧပြီလအစတွင် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်ရှိ (ကရူတူးမြို့နှင့်ကော်တရိမြို့အကြား ဆက်စပ်ထားသော) အာရှလမ်းတစ်လျှောက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) နှင့် လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တို့ကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ (ကရူတူးမြို့တွင်အခြေစိုက်သည့်) SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၅) သည် ကျေးရွာတွင်းတိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ (ကရူတူးမြို့အနီးရှိ) ကျေးရွာများသို့ လက်နက်ကြီးများ မကြာခဏပစ်ခတ်လေ့ရှိသည်။<br><br>၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ ညနေ (၅း၃၀) မိနစ်တွင် SAC သည် ကရူတူးမြို့နယ်၊ မြောက်ကြာအင်းကျေးရွာအုပ်စု၊ အအ--- ကျေးရွာသို့ လက်နက်ကြီး (၁၂၀) မမတစ်လုံးရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် တဲအိမ်၏အရှေ့တွင် ကျရောက်ပေါက်ကွဲ၍ ဆော့ကစားနေကြသည့်ကလေး (၄) ဦးအား ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်ကလေး (၄) ဦးသည် မအ--- (၄ နှစ်)၊ ဘ--- (၂ နှစ်)၊ မဆ--- (၁၀ နှစ်)နှင့်မောင်ဒ--- (၁၀ လ) တို့ဖြစ်ကြသည်။ မအ--- သည် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ဘ---သည် ကျောကုန်းတွင်ဒဏ်ရာရခဲ့သည်။ မဆ---သည် ခေါင်း၊ နားရွက်နှင့်ဘယ်ဖက်ဒူးခေါင်းတွင်ဒဏ်ရာရခဲ့သည်။ မောင်ဒ--- သည် မျက်နှာ၊ ခေါင်းနှင့်ကျောကုန်းတွင် ဒဏ်ရာရရှိခဲ့သည်။<br><br>ထိုကလေး (၄)ဦးအနက် မအ--- သည် သူ၏ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ထို့ကြောင့် ရွာသားများသည် ကျေးရွာမှ ကားတစ်စီးကိုခေါ်၍ DKBA (ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော်)အား ဆက်သွယ်ခဲ့သည်။ ထို့နောက် မအ---ကို ဘုရားသုံးဆူမြို့ရှိ DKBA စီမံခန့်ခွဲသော ဘုရားသုံးဆူဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (ဘုရားသုံးဆူမြို့သည် ထိုင်းနိုင်ငံ၊ ကန်ချားနပူရီခရိုင်နှင့်နယ်နိမိတ်ချင်းထိစပ်သည်။)<br><br>အဆိုပါကလေး (၄)ဦးသည် ၎င်းတို့၏အဖွားနှင့်အတူ နေထိုင်ကြသည်။ ၎င်းတို့၏မိဘများက ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြသည်။ ၎င်းတို့အဖွားဖြစ်သူ ဒေါ်ဃ---မှ KHRG အား ယခုလိုရှင်းပြသည်။ *"တဲအိမ်ကို လက်နက်ကြီးထိမှန်လို့ အကုန်ပျက်စီးသွားတယ်။ ကံကောင်းတယ်လို့ပြောရမယ်။ ကလေးတွေ ဘာမှမဖြစ်ဘူး။ ဒဏ်ရာအနည်းငယ်ပဲရခဲ့တယ်။ အသက်စိုးရိမ်ရလောက်အထိတော့ အန္တရာယ်မရှိဘူး။"*<br><br>လက်နက်ကြီးထိမှန်၍ ကလေးများဒဏ်ရာရရှိပြီးနောက်တွင် အအ--- ကျေးရွာမှ ရွာသားများသည် ကလေးများ၏မိ |

သားစုကို ငွေကြေးအချို့ထောက်ပံ့ပေးခဲ့သည်။ ကလေးများသည် ဆေးရုံသွားသည့်ခရီးစရိတ်နှင့်ဆေးကုသမှုစရိတ်ကို ပေးဆောင်ရန်မလိုပါ။ ဒေါ်ဃ--- သည် အကူအညီရသည့်အတွက် ကျေးဇူးတင်မိကြောင်း ယခုလိုပြောပြသည်။ *"ကျွန်မတို့တွေ ငွေလိုအပ်နေတဲ့အချိန်မှာ ကလေးကို ဆေးရုံပို့ပေးတဲ့အတွက် ကူညီပေးတဲ့သူတွေကို ကျေးဇူးအရမ်းတင်မိတယ်။ ကလေးတွေ ဒဏ်ရာပျောက်ကင်းသွားတဲ့အတွက် ကျွန်မပျော်မိတယ်။"*

ကရူတူးမြို့အနီးဒေသများတွင် တိုက်ပွဲဖြစ်ပွားသည့်အချိန်မှာ တစ်ချို့ရွာသားများသည် အအ--- ကျေးရွာသို့ ထွက်ပြေးပုန်းရှောင်ခဲ့သည်။ တစ်ချို့လည်း အခြားနေရာဒေသသို့ ရှောင်ပြေးခဲ့သည်။ SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့်ကလေးများသည်လည်း အအ--- ကျေးရွာတွင် သုံးလနီးပါးစစ်ပုန်းရှောင်ခဲ့ရသည်။ (ယခင်က ၎င်းတို့သည် ကရူတူးမြို့အနီးရှိ လယ်ယာထဲတွင် နေထိုင်ခဲ့ကြသည်။) စစ်ပြေးရှောင်နေရစဉ်အတွင်း SAC သည် ၎င်းတို့အား လက်နက်ကြီးဖြင့်ရမ်းသမ်းပစ်ခတ်၍ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ မြောက်ကြာအင်းကျေးရွာအုပ်စု၊ အအ--- ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးဖ--- သည် KHRG အား ဤသို့ရှင်းပြသည်။ *"သူတို့တွေ (SAC) ဘာကြောင့်လက်နက်ကြီးပစ်လဲတော့ ကျွန်တော်မသိဘူး။ ဒီဒေသအနီးမှာ (အအ--- ကျေးရွာအနီး) တိုက်ပွဲလည်းမဖြစ်ဘူး။ သူတို့က လက်နက်ကြီးရမ်းသမ်းပစ်တယ်ဆိုတာက ကျေးရွာထဲမှာ သူတို့ရန်သူတွေ မရှိဘူးလေ။ ရွာထဲမှာ ရွာသားတွေပဲရှိတယ်။ ဒဏ်ရာရသွားတဲ့ကလေးတွေလည်း စစ်ပြေးရှောင်ရတဲ့ကလေးတွေပဲ။ နောက်နောင်ဆိုရင် ရွာထဲမှာ လက်နက်ကြီးပစ်ခတ်မှုတွေမဖြစ်ဖို့ ကျွန်တော်ဆန္ဒပြုတယ်။"*

ကရူတူးမြို့အနီးနားတွင် နေထိုင်ကြသော ရွာသားအယောက် (၃၀) ခန့်သည် အအ---ကျေးရွာသို့ လာရောက်ပုန်းရှောင်ခဲ့သည်။ အဆိုပါစစ်ဘေးရှောင်ရွာသားများသည် စားဝတ်နေရေးအတွက် နေ့စားခယူ၍ လယ်ယာနှင့်ရော်ဘာခြစ်သည့် အလုပ်ကိုလုပ်ကိုင်ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုသည် (လုံခြုံရေးအတွက် အဖွဲ့အစည်းနာမည်ကို မဖော်ပြပါ) အဆိုပါစစ်ဘေးရှောင်ရွာသားများ၏စားဝတ်နေရေးအတွက် သက်သာချောင်ချိစေရန် အကူအညီတစ်ချို့ပေးခဲ့သည်။







အထက်ပါဓာတ်ပုံနှစ်ပုံကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ မြောက်ကြာအင်းကျေးရွာအုပ်စု၊ အအ--- ကျေးရွာတွင်ရိုက်ယူခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် SAC ခြေမြန်တပ်ရင်း (ခမရ) အ မှတ် (၅၄၅) သည် အအ--- ကျေးရွာတွင်းသို့ လက်နက်ကြီး (၁၂၀) မမတစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးသည် တဲအိမ်အရှေ့တွင် ကျရောက်ပေါက်ကွဲ၍ ကလေး (၄) ဦးအား ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ပုံတွင် လက်နက်ကြီးထိမှန်၍ ဒဏ်ရာရရှိခဲ့သောကလေးများကို ဖော်ပြထားသည်။ ပုံထဲရှိကလေးများသည် မဆ--- (၁၀ နှစ်)နှင့် မောင်ဒ--- (၁၀ လ)တို့ ဖြစ်ကြသည်။ မဆ--- သည် ဦးခေါင်း၊ နားရွက်နှင့်ဘယ်ဖက်ဒူးခေါင်းတွင် ဒဏ်ရာရရှိ၍ မောင်ဒ---သည် မျက်နှာ၊ ဦးခေါင်းနှင့်ကျောကုန်းတွင် ဒဏ်ရာရရှိခဲ့သည်။ ကလေးများသည် ဆေးကုသမှုခံယူပြီးနောက် ဒဏ်ရာပျောက်ကင်းသွားပါသည်။ *(ဓာတ်ပုံ- KHRG)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤသတင်းအကြောင်းအရာများကို အသုံးပြုခွင့်ရသည်။ ဒဏ်ရာရသည့်ကလေးများ၏အဖွားနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အနေဖြင့် SAC မှ ကျေးရွာထဲကို လက်နက်ကြီးများထပ်မံပစ်ခတ်ရန်အလိုမရှိကြပါ။ သို့သော် ဤသတင်းအချက်အလက်များကို ဆင်ဆာဖြတ်၍ ရေးသားဖြန့်ဝေမည်ဆိုပါက အဆင်ပြေကြောင်း ၎င်းတို့ကပြောကြားခဲ့သည်။ ဒါမှသာလျှင် SAC သည် ၎င်းတို့ကျေးရွာကို လက်တုံ့ပြန်မည်မဟုတ်ကြောင်း ပြောခဲ့သည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျက်ရှိပါသည်။ KHRG ၏လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။